ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၅) ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့်ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ခြင်းဆိုင်ရာ သတင်းစဉ်။ | ၅ |
| ၃။ | Red Sea တွင် ဖြစ်ပွားသည့်တိုက်ခိုက်မှုကြောင့်ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုများအပေါ် ထိခိုက်ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၆-၈ |
| ၄။ | လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများပါ ပုံစံများအကြောင်း သိကောင်းစရာ။ | ၉-၁၀ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၅) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနကဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၁)ခု၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်သည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ (၁) ခုနှင့် ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်း သက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ(၁)ခုတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၃၀.၁.၂၀၂၄) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/၂၀၂၄ ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ကြော်ငြာခဲ့ပါသည်။

ဤအမိန့်ကြော်ငြာစာတွင် ကြားဖြတ်ရွေးကောက်ပွဲ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို “လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရုပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့်လစ်လပ်လျက်ရှိသောမဲဆန္ဒနယ်များအတွက် အခါအားလျော်စွာကော်မရှင်ကသတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်”ဟုပြင်ဆင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(စ)တွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်း

ဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားပြီး ယခုအခါ"ရက်ပေါင်း၉၀"ဆိုသည့်စကားရပ်ကို"ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀" ဆိုသည့်စကားရပ်ကို "ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြဋ္ဌာန်းထားသည့်အပြင် ပုဒ်မခွဲ(ဇ)တွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါကနိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ရက်ပေါင်း၁၈၀အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်း ဖွင့်လှစ်မည် ဖြစ်ကြောင်းပြဋ္ဌာန်းထားပြီး ယခုအခါ "ရက်ပေါင်း ၁၈၀"ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "မြို့နယ်အားလုံး၏အနည်းဆုံးထက်ဝက်" ဆိုသည့်စကားရပ်ကို"မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုး ပြင်ဆင် ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ယင်းဥပဒေပုဒ်မ ၁၇ ၌ ပါတီတစ်ခုသည် မိမိ၏နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၅ ပုဒ်မခွဲ (ဆ) အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်ဖြစ်ကြောင်း အစားထိုးပြဋ္ဌာန်းထားသည့်အပြင် ပုဒ်မ

၁၉ ၌ပါတီတစ်ခုသည် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့်ဌာန၊အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်ဖြစ်ပြီး အဆိုပါအပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့်လည်းကောင်း၊ ဥပဒေလေ့လာသူများအနေဖြင့်လည်းကောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားချက်များကို MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၅) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ခြင်းဆိုင်ရာ သတင်းစဉ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၂၉၄- ခ၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ် များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ရေယာဉ်ဝန်ထမ်းအရေအတွက်သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၄)ကို ၁၈-၁-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသည့် မြန်မာ့ကမ်းရိုးတန်းသွား ကုန်တင်ရေ ယာဉ်များ (ဆီတင်ရေယာဉ်များ၊ တွဲတွန်းနှင့် တွဲဆွဲရေယာဉ်များအပါအဝင်)တွင် အနည်းဆုံးတာဝန် ထမ်းဆောင်ရမည့် ကုန်းပတ်ဆိုင်ရာ၊ စက်ခန်းဘက်ဆိုင်ရာ ရေယာဉ်ဝန်ထမ်းအရေအတွက် နှင့် ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသည့် မြန်မာ့ကမ်းရိုးတန်းသွားငါးဖမ်း ရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များတွင် အနည်းဆုံး တာဝန်ထမ်းဆောင်ရမည့် ကုန်းပတ်ဆိုင်ရာ နှင့် စက်ခန်းဘက်ဆိုင်ရာ ရေယာဉ်ဝန်ထမ်းအရေအတွက်တို့ကို သတ်မှတ်ခဲ့ပါသည်။

ထို့ပြင် ရေယာဉ်ပိုင်ရှင်သည် မြန်မာကမ်းရိုးတန်းသင်္ဘောသားမှတ်ပုံတင်နှင့်လုပ်သက်မှတ်တမ်း စာအုပ်ကိုင်ဆောင်ထားသော ရေယာဉ်ဝန်ထမ်းကိုသာ ခန့်အပ်ရမည်ဖြစ်ပြီး အနည်းဆုံးသတ်မှတ် ထားသည့် ရေယာဉ်ဝန်ထမ်းအရေအတွက် အောက်လျော့၍ ရေယာဉ်ကိုအသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းပြုလျှင် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၂၉ အရ အရေးယူ ခြင်းခံရမည်ဖြစ်ကြောင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ်: ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**Red Sea တွင် ဖြစ်ပွားသည့်တိုက်ခိုက်မှုကြောင့် ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုများအပေါ် ထိခိုက်ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ**

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Red Sea ရေလက်ကြားတွင် ဟူသီအဖွဲ့၏ လက်နက်ကိုင် ခါးပြတိုက်မှုများကြောင့် ပင်လယ်ရေကြောင်းဖြင့်ဆောင်ရွက်နေရသော ကူးသန်းရောင်းဝယ်မှုများအပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိရာ ထိုင်းနိုင်ငံမှ ရင်ဆိုင်ကျော်လွှားမည့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဟူသီအဖွဲ့သည် ယီမင်နိုင်ငံအစိုးရကို ဆန့်ကျင်လျက်ရှိသည့် ယီမင်နိုင်ငံမှ နေရာဒေသအများစုနှင့် ဆော်ဒီအာရေဗျနှင့်နီးစပ်လျက်ရှိသော အနောက်နှင့်မြောက်ပိုင်းဒေသအချို့ကို ထိန်းချုပ်ထားသော လက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်ပါသည်။

ဟူသီအဖွဲ့သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Red Sea ရေလက်ကြားတွင် လက်နက်ကိုင်ခါးပြတိုက်မှုများကိုလုပ်ဆောင်လျက်ရှိရာ ၎င်းတို့၏တိုက်ခိုက်မှုများသည် အစ္စရေးနှင့်ဆက်နွယ်သည့်သင်္ဘောများကို အဓိကဦးတည်လျက် တိုက်ခိုက်နေခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ပိုမိုဆိုးရွားလာခဲ့ပါသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ကူးသန်းရောင်းဝယ်မှုအပေါ်ထိခိုက်မှုများကို ကာကွယ်ရန်အတွက် ၁၂- ၁- ၂၀၂၄ မှစတင်၍ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့များအပေါ် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ဟူသီအဖွဲ့မှ အစ္စရေးနှင့်ဆက်နွယ်သည့် သင်္ဘောများကို ဆက်လက်ပစ်မှတ်ထား တိုက်ခိုက်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ထိုင်းအမျိုးသား ရေကြောင်းပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ Chaichan Chareonsuk က ယင်းဖြစ်စဉ်များကြောင့် ၎င်းနိုင်ငံအတွင်းဖြစ်ပေါ်နေသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ထိခိုက်မှုများ၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် ယင်းကိုရင်ဆိုင်ကျော်လွှားရန်အတွက် အကြံပြုချက်များကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

Red Sea ရေလက်ကြားတွင် ကူးသန်းသွားလာနေသည့် သင်္ဘောများအနေဖြင့် အခင်းဖြစ်နေရာမှ ရှောင်ကွင်းသွားလာရသည့်အတွက် ခရီးကြာမြင့်ချိန်မှာရက်သတ္တပတ် ၂ ပတ်ခန့် ပိုမိုလာကြောင်း၊ ဆီကုန်ကျစရိတ်မြင့်တက်သည့်အတွက် သွင်းကုန်/ပို့ကုန်တင်ပို့သူများမှ ကုန်ကျစရိတ်ပိုမိုကျခံရကြောင်း၊ ဆိပ်ကမ်းတွင် သင်္ဘောများပိတ်ဆို့မှုကြောင့် အနီးရှိဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာရေကြောင်းပို့ဆောင်သည့်ခရီးစဉ်များအား အဟန့်အတားဖြစ်စေသည့်ပြဿနာများ ပေါ်ပေါက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ EU နိုင်ငံသို့တင်ပို့သည့် ပို့ကုန်ပမာဏမှာ ၈ ရာခိုင်နှုန်းဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့သည့် ပို့ကုန်ပမာဏမှာ ၃.၈ ရာခိုင်နှုန်းခန့်ထိဖြစ်ကြောင်း၊ အများဆုံးတင်ပို့သည့်ပစ္စည်းများမှာ လျှပ်စစ်ပစ္စည်းများနှင့် Auto mobile များဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းပြဿနာများအားဖြေရှင်းနိုင်ရန် ထိုင်းနိုင်ငံ၏စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှကြီးမှူး၍ ထိုင်းအမျိုးသားရေကြောင်းပို့ဆောင်ရေးကောင်စီအပါအဝင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစည်းအဝေးကျင်းပပြုလုပ်ပြီး သွင်းကုန်၊ပို့ကုန်ကုန်သည်များအပေါ် ထိခိုက်မှုအားလျှော့ချနိုင်မည့်နည်းလမ်း ၅ ရပ်ကိုအဆိုပြုခဲ့ကြပါသည်။ အဆိုပါနည်းလမ်း ၅ ရပ်မှာ ပစ္စည်းပို့ဆောင်သည့် သဘောတူစာချုပ်များတွင် သဘောတူညီထားသည့်အတိုင်းပို့ဆောင်ရန် ကြန့်ကြာနေသည့်ကုန်စည်များအတွက် မူလကုန်စည်နှုန်းထားအတိုင်း ထိန်းသိမ်းထားရှိခြင်း၊ အမှန်တကယ်ကုန်ကျစရိတ်များအပေါ်အခြေခံ၍ ကုန်စည်ဈေးနှုန်းအား တဖြည်းဖြည်းတိုးမြှင့်ခြင်း၊ ဆိပ်ကမ်း၌ ကုန်ပစ္စည်းသိုလှောင်ရန် ကုန်ကျစရိတ်လျှော့ချခြင်းနှင့် စီမံခန့်ခွဲရန် အချိန်တိုးမြှင့်ခြင်းတို့အတွက် ရက်ပေါင်း ၂၁ ရက်တိုးမြှင့်ပေးနိုင်ရန် ဆိပ်ကမ်းအာဏာပိုင်များနှင့်ဆွေးနွေးညှိနှိုင်းခြင်း၊ ကုန်တင်နိုင်သည့်ပမာဏ၊ ပစ္စည်းသိုလှောင်ရုံ၏ အရည်အတွက်များနှင့် ဈေးကွက်အတွင်းရှိကုန်ပစ္စည်းများအကြား ဟန်ချက်ညီစေရန်အတွက် အာရှ-ဥရောပရေယာဉ်များ၏ အရေအတွက်ကိုသေချာမှုရှိစေခြင်း၊ သင်္ဘောသွားရာလမ်းကြောင်းများ၊ ခရီးကြာမြင့်ချိန်၊ ကုန်စည်ဈေးနှုန်း

နှင့်ထပ်တိုးကုန်ကျစရိတ်၏ နောက်ဆုံးသတင်းအချက်အလက်များပံ့ပိုးပေးခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ Red Sea တွင်ဖြစ်ပွားသည့်ကိစ္စရပ်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများကို နိုင်ငံများက ကိုင်တွယ်ရာတွင် ဖြေရှင်းသည့်နည်းလမ်းများချမှတ်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံမှ ၎င်းတို့၏စီးပွားရေးတိုးတက်လာမှုအပေါ်အခြေခံ၍ လက်တွေ့ကျသည့်နည်းလမ်းများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: PHUSADEE ARUNMAS, How the Red Sea attacks affect the shipping, Bangkok Post,19 JAN 2024, available at [www.bangkokpost.com](http://www.bangkokpost.com) .

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၅) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများပါ ပုံစံများအကြောင်း သိကောင်းစရာ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမိန့်ကြော်ငြာစာအမှတ် ၁၁၈၅/၂၀၂၃ ဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရစွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀-၁၂-၂၀၂၃ ရက်နေ့ကထုတ်ပြန်ခဲ့ရာ ၂၆-၁-၂၀၂၄ ရက်စွဲပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် အောက်ပါပုံစံ ၅ မျိုးကို ထည့်သွင်းဖော်ပြထားပါသည်-

(၁) တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားလွှာ ကို လျှောက်ထားခံရသူထံသို့ ပေးပို့ရန် အကြောင်းကြားစာ (ပုံစံ -က)

(၂) တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားစွဲဆိုမှုအပေါ် တင်သွင်းသည့်ကန့်ကွက်ချေပလွှာ (ပုံစံ-ခ)

(၃) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားလွှာကို လျှောက်ထားခံရသူထံသို့ပေးပို့ရန် အကြောင်းကြားစာ (ပုံစံ-ဂ)

(၄) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားစွဲဆိုမှုအပေါ် တင်သွင်းသည့် ကန့်ကွက်ချေပလွှာ (ပုံစံ-ဃ)

(၅) ဆိုင်းငံ့မိန့် (ပုံစံ-င)

ယင်းပုံစံ (ပုံစံ-က) ၊ (ပုံစံ-ဂ) နှင့် (ပုံစံ-င) တို့သည် တရားရုံးတော်က အသုံးပြုသည့်ပုံစံများဖြစ်ပြီး (ပုံစံ-ခ) နှင့် (ပုံစံ-ဃ) တို့သည် လျှောက်ထားခံရသူ/ ကန့်ကွက်သူတို့ အသုံးပြုရမည့် ပုံစံများဖြစ်ပါကြောင်း အများသူငှာသိရှိလေ့လာသင့်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သည့် (ပုံစံ - ခ)နှင့် (ပုံစံ - ဃ)တို့တွင် လျှောက်ထားစွဲဆိုသူ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကိုလည်းကောင်း၊ လျှောက်ထားခံရသူ/ ကန့်ကွက်သူ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကိုလည်းကောင်း ဖော်ပြ လျှောက်ထားရမည်ဟုလည်း

ကောင်း၊ အမှုအကျဉ်းချုပ်ဖော်ပြချက်၊ ကန့်ကွက်ချေပလိုသည့်အချက်၊ အနှစ်ချုပ်ဖော်ပြချက်တို့ကို ခေါင်းစဉ်တပ်၍ ရေးသားရမည်ဟုလည်းကောင်း၊ ကန့်ကွက်ချေပလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ(ရှိလျှင်) သီးခြားခေါင်းစဉ်တပ်၍ ဖော်ပြရမည်ဟု လည်းကောင်း၊ လျှောက်ထားခံရသူ/ ကန့်ကွက်သူက လက်မှတ်ရေးထိုး လျှောက်ထားရန်နှင့် "ကန့်ကွက်ချေပလွှာပါအချက်များ၊ အကြောင်းခြင်းရာဖော်ပြချက်များ၊ ထုချေဆိုချက်အားလုံးသည် မိမိသိရှိသမျှ မှန်ကန်ပါကြောင်း ရက်စွဲနှင့်မြို့"တို့ကိုဖော်ပြ၍လည်းကောင်း လျှောက်ထားခံရသူ၊ ကန့်ကွက်သူက ဝန်ခံချက်ရေးသား ပြီး လက်မှတ်ရေးထိုးရမည်ဟု ဖော်ပြထားသည်ကို သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၅) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

